**အမြတ်ဝေစုခွဲပေးမည့် စာရင်းအတည်ပြုရက်နှင့် အမြတ်ဝေစုခွဲပြီးနောက်ရက်တို့အား ပြင်ဆင်ခြင်းနှင့် အဆိုပြုထားသည့် အမြတ်ဝေစုအားအသိပေးခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ"နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ၏ဒါရိုက်တာအဖွဲ့သည် အဆိုပြုထားသည့် အမြတ်ဝေစု အားဆုံးဖြတ်ရာတွင် ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုမ္ပဏီ၏ အမြတ်ဝေစုခွဲပေးမည့် စာရင်း အတည်ပြုရက်နှင့် အမြတ်ဝေစုခွဲပြီးနောက်ရက် ကြေညာချက်အားပြန်လည်ရည်ညွှန်းပါသည်။ အဆိုပါကြေညာချက်များ၏ နောက်ဆက်တွဲအဖြစ် ယခုကြေငြာချက်ကို ထုတ်ပြန်ခြင်းဖြစ်ပြီး ယခုကြေငြာချက်ပါ စကားရပ်များသည် ယခင်ကြေငြာချက်ပါ စကားရပ်များအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ဒါရိုက်တာအဖွဲ့မှ ၂၀၁၈ခုနှစ် မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀/-နှင့် မူရင်းအစုရှယ်ယာ (၂၀)စု ပိုင်ဆိုင်လျှင် "အပိုဆု အစုရှယ်ယာ" (fully-paid bonus shares) (၁) စု တို့ကို ထုတ်ဝေပေးရန်အဆိုပြုထားပါသည်။

- အထွေထွေအစည်းအဝေးဖိတ်ကြားစာပေးပို့ရန်အတွက် ၂၀၁၈ခုနှစ်၊ဇူလိုင်လ(၃)ရက် (the "Record Day for AGM Invitation") နေ့ရှိ အစုရှယ်ယာရှင်စာရင်းအား YSX မှပြုစုပေးပို့မည်ဖြစ်၍ ပေးပို့သည့်စာရင်းအတိုင်းဖိတ်ကြားမည်ဖြစ်ပါသည်။

- အမြတ်ဝေစုခံစားခွင့်ရှိသည့် ရှယ်ယာရှင်စာရင်းကို ၂၀၁၈ခုနှစ်၊ဩဂုတ်လ (၂၃) ရက်နေ့ ("Record Day for Dividend Entitlement") ရှိစာရင်းအတိုင်း YSX မှ ပြုစုပေးပို့မည်ဖြစ်၍ ပေးပို့သည့်စာရင်းအတိုင်း အမြတ်ဝေစုခွဲဝေပေးမည်ဖြစ်သည်။

- YSX ၏စည်းမျဉ်းစည်းကမ်းများအရ အဆိုပြုထားသော အမြတ်ဝေစုကို ခံစားခွင့်ရှိရန် နှင့် အမြတ်ဝေစုခွဲဝေပေးမည့်စာရင်းအတည်ပြုရက် ည၁၁နာရီ ၅၉ မိနစ် တွင် ရှယ်ယာများ ရရှိရန်အတွက် အစုရှယ်ယာရှင်များအနေနှင့် ရှယ်ယာအရောင်းအဝယ်ပြုမည့်နောက်ဆုံးရက် (the "Last Day to Trade") ၂၀၁၈ခုနှစ်၊ဩဂုတ်လ(၂၀)ရက်နေ့နောက်ဆုံးထား၍ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ရမည် ဖြစ်ပါသည်။

- ထိုရက်နောက်ပိုင်းဖြစ်သည့် ၂၀၁၈ ခုနှစ်၊ဩဂုတ် (၂၁)ရက်နေ့ ("အမြတ်ဝေစုခွဲပြီးနောက်ရက်")("the Ex-Day")ရက်နေ့မှစ၍အမြတ်ဝေစုမပါသည့် ဈေးနှုန်းဖြင့်YSX ဈေးကွက်တွင်အရောင်းအဝယ်ပြုလုပ်မည် ဖြစ်ပါသည်။ ထို့ကြောင့် (the "Last Day to Trade") မတိုင်မီ အစုရှယ်ယာရောင်းချခဲ့လျှင် အစုရှယ်ယာအတွက် အမြတ်ဝေစုရရှိမည်မဟုတ်ပါ။

- YSX တွင် ကုမ္ပဏီ၏ အစုရှယ်ယာများကို ဩဂုတ်လ (၂၁)ရက် မှ (၂၈) ရက်နေ့အထိ အရောင်းအဝယ်ရပ်ဆိုင်းထားမည်ဖြစ်ပြီး ဩဂုတ်လ (၂၉)ရက်နေ့တွင် အစုရှယ်ယာ အရောင်းအဝယ်ကို ပြန်လည်စတင်မည်ဖြစ်ပါသည်။

အထက်ပါကိစ္စရပ်နှင့်စပ်လျဉ်း၍အရေးကြီးသောရက်များမှာ အောက်ပါအတိုင်းဖြစ်၍ အစုရှယ်ယာရှင်များ အနေနှင့် ဂရုပြုစေလိုပါသည်။

| အကြောင်းအရာ | ရက်စွဲ |
|---|---|
| နစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားမည့် စာရင်းအတည်ပြုရက် | ၂၀၁၈ ခုနှစ်၊ဇူလိုင်လ (၃)ရက် |
| နစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက် | ၂၀၁၈ ခုနှစ်၊ဇူလိုင်လ (၂၉)ရက် |
| ရှယ်ယာအရောင်းအဝယ်ပြုမည့်နောက်ဆုံးရက် | ၂၀၁၈ ခုနှစ်၊ဩဂုတ်လ (၂၀)ရက် |
| အမြတ်ဝေစုခွဲပြီးနောက်ရက် | ၂၀၁၈ ခုနှစ်၊ဩဂုတ်လ (၂၁)ရက် |
| အမြတ်ဝေစုပေးဝေမည့်စာရင်းအားအတည်ပြုသည့်ရက် | ၂၀၁၈ ခုနှစ်၊ဩဂုတ်လ (၂၃)ရက် |
| ရှယ်ယာအရောင်းအဝယ်ရပ်ဆိုင်းထားမည့်ရက် | ၂၀၁၈ ခုနှစ်၊ဩဂုတ်လ (၂၁) – (၂၈) ရက် |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ၂၀၁၈ ခုနှစ်၊ဩဂုတ်လ (၂၉)ရက် |

**Bonus Share ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အထူးဂရုပြုရန်**

Bonus Share များကို တစ်စုလျှင် မူလတန်ဖိုး ကျပ် ၁၀၀၀/- ဖြင့် ထုတ်ဝေပေးမည်ဖြစ်ပြီး ကုမ္ပဏီ၏လက်ရှိ ထုတ်ဝေထားသော အစုရှယ်ယာများနှင့် အမျိုးအစားတူဖြစ်ပါသည်။ ယခုထုတ်ဝေမည့် Bonus Share များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုရရှိမည်မဟုတ်ပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှသာ အမြတ်ဝေစု ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။အဆိုပါအစုရှယ်ယာထုတ်ဝေရာတွင်တစ်စိတ်တစ်ပိုင်းရှယ်ယာများ ထုတ်ဝေမည်မဟုတ်ပါ။ စားကြွင်းမပြတ်သောအစုရှယ်ယာများကိုအနီးစပ်ဆုံးအရေအတွက်အထိ လျှော့ချထုတ်ဝေပေး မည်ဖြစ်ပါသည်။ ဥပမာ အစုရှယ်ယာ (၅၅)စုပိုင်ဆိုင်ပါက (၂၀)စု - (၁)စု အချိုးအရ Bonus Share (၂)စု ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် (၂၀)လီစိတ် အချိုးညီစေရန် ရှယ်ယာများ ထပ်မံဝယ်ယူလိုပါက ဆောင်ရွက်နိုင်ပါသည်။ ထိုကဲ့သို့ ရှယ်ယာဝယ်ယူခြင်းကို (the "Last Day to Trade") မတိုင်မီ ဝယ်ယူမှသာ အဆိုပြု အမြတ်ငွေနှင့် Bonus Shares ကိုရရှိမည်ဖြစ်ပါသည်။ ကုမ္ပဏီ အနေနှင့် YSX နှင့် သက်ဆိုင်ရာ အစုရှယ်ယာရှင်များစာရင်းကို စိစစ်ပြီးချိန်တွင် ထုတ်ဝေမည့် စုစုပေါင်းရှယ်ယာအရေအတွက်ကို ဆက်လက်ထုတ်ပြန်သွားပါမည်။

Bonus Share ရရှိမည့် ဥပမာကို  အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| Record Day ရှိ ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက် | ရရှိမည့် Bonus Share |
|---|---|
| ၁၉ | ၀ |
| ၃၉ | ၁ |
| ၅၅ | ၂ |
| ၇၇ | ၃ |
| ၃၀၈ | ၁၅ |
| ၅၀၈၀ | ၂၅၄ |
| ၁၁၉၂၃ | ၅၉၆ |

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ

၂၀၁၈ခုနှစ်၊ ဇွန်လ (၃၀)ရက်

**FIRST MYANMAR INVESTMENT CO., LTD.**

YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm